## ကွဲပြားခြားနားသော ဘာသာရေး လှုပ်ရှားမှုအစ

### ခရာဂျိုက် နှင့် ရှီယာအေ အလီ

အစ္စလာမ်သာသနာတွင် ဂိုဏ်းဂဏဝါဒများ ပေါ်ထွန်းခဲ့ရသော အကြောင်းရင်းများကို ပြန်လည် သုံးသပ်မည် ဆိုပါက၊ မဟာသာဝကကြီး အလီ စတင်အုပ်ချုပ်သည့် အချိန်မှ အစပြုခဲ့သည်ဟု ဆိုနိုင်ပေသည်။ မူဆလင်များ၏ တတိယမြောက် သမ္မတ အွတ်(စ်)မန်ကို လုပ်ကြံခဲ့သော သူအား ကုရ်အံပါ ဥပဒေအတိုင်း လူသတ်ကောင်အား စီရင်ချက်ဥပဒေ ၂း ၁၇၈ အရ အရေးယူ ရန် အလီက ပျက်ကွက်ခြင်းမှ စတင်ခဲ့သည်။ ထိုအချိန်တွင် မဟာသာဝကကြီး မုအာဝေယာသည် ဆီးရီးယားနိုင်ငံ၏ အုပ်ချုပ် ရေးမှူး ဖြစ်ပေသည်။

အလီ သမ္မတဖြစ်လာခြင်း အပေါ်၌ မည်သူတစ်ဦး တစ်ယောက်မှ ကန့်ကွက်ခြင်း မရှိခဲ့ချေ။ သူသမ္မတ ဖြစ်ပြီးနောက်တွင် အွတ်(စ်)မန်အား လုပ်ကြံသူကို အရေးမယူမှုကြောင့်၊ သူနှင့် **အာအေရှာ** တို့ စစ်ဖြစ်ခဲ့ရသည်။ အာအေရှာဘက်မှ **သာလ်ဟာ** နှင့် **ဇိုဗေးရ်**တို့ ဦးဆောင်သည်။ ထိုစစ်ပွဲတွင် အလီစစ်နိုင်ခဲ့လေသည်၊ သို့သော် ထိုစစ်ပွဲသည် ဘာသာရေး အယူဝါဒ ကွဲပြားမှုကြောင့် မဟုတ်ချေ။

အလီသည် ကူဖါမြို့ကို မြို့တော်အဖြစ် ဗဟိုပြု၍ အုပ်ချုပ်ခဲ့သည်။ ဆီးရီးယား အုပ်ချုပ်ရေးမှူး **မုအာဝေယာ**က အွတ်(စ်)မန်အား သတ်သောသူကို  အလီအနေဖြင့် အရေးမယူပါက၊ ဆီးရီးယားအုပ်ချုပ်ဒေသမှ စင်ပြိုင်အစိုးရတစ်ရပ် ထူထောင်မည်ဟု အလီထံ ရာဇသံပေးခဲ့လေသည်။ သို့ရာတွင် အလီနှင့် မုအာဝေယာ တို့မှာ ထိပ်ဆိုင် တိုက်ပွဲများ ဖြစ်ခဲ့ခြင်း မရှိချေ။ တစ်ချိန်တည်းတွင် မုအောင်ဝေယာက "ဆစ်ဖင်" အရပ်တွင် မူဆလင် ခုံသမာဓိများ ရှေ့မှောက်၌ ကုရ်အံကို လှံထိပ်၌တင်လျက် "မုဗာဟိလာဟ်" ခေါ် မိမိတို့၏ရပ်တည်ချက် မှန်ကန်ကြောင်း ကျိန်ဆိုခြင်း ပြုရန်၊ အလီအား တရားဝင် ဖိတ်ခေါ်ခဲ့ပေသည်။

ထိုစိန်ခေါ်ပွဲသို့ တက်ရောက်ရန် အလီအား မူဆလင်အများစုက အကြံပေးခဲ့ပေသည်။ ထိုစိန်ခေါ်ပွဲအား အလီက ငြင်းဆိုသောကြောင့် အလီအားထောက်ခံသည့် မူဆလင်များမှ မက္ကာဟ်သား အများစုသည် အလီအား ထောက်ခံခြင်းကို စွန့်လွှတ်ခဲ့လေသည်။ ထိုစွန့်လွှတ်ထွက်ခွာသွားသူများကို "ခရာဂျိုက်" စွန့်ခွာသွားသူများဟု ခေါ်ပေသည်။ အလီအား ဆက်လက်ထောက်ခံ ကျန်နေခဲ့သူအများစုမှာ မဒီနာမြို့ခံ အာရဗ်များ ဖြစ်ပေသည်။  ဤသည် မုဟမ္မဒ်တည်ထောင်ခဲ့သော မူဆလင့် အသိုက်အမြုံ "အွမ္မတ်ဟ်" အတွင်းမှ ပထမဦးဆုံး စတင်ခွဲထွက်ခဲ့ခြင်း ဖြစ်ပေသည်။ ထိုအချက်သည် အမြင်အားဖြင့် ကြီးမားသော ပြဿနာ တစ်ရပ် မဟုတ်ဟု ယူဆ၍ ရပေသည်။ သို့ရာတွင် ၎င်းသည် မူဆလင့် အသိုက်အမြုံအား ကွဲပြားစေမည့် ဂိုဏ်းကွဲများ၏ မျိုးစေ့ တစ်စေ့ပင် ဖြစ်ခဲ့လေသည်။

ထို ခရာဂျိုက်များ၏ လုပ်ကြံမှုကြောင့် အလီ ကွယ်လွန်ခဲ့ရသည်။ အလီကွယ်လွန်ပြီးနောက်ပိုင်း မုအာဝေယာက မူဆလင် အသိုက်အမြုံကြီး တစ်ခုလုံးကို ထိန်းချုပ်နိုင်ခဲ့သည်။ ထိုအခါ အလီအား ထောက်ခံခဲ့သူများက "ရှီယာအေ အလီ" အလီ အဖွဲ့ဝင်များဟု ခံယူ၍ မုအာဝေယာ အစိုးရကို ပုန်ကန်သူများ ဖြစ်လာခဲ့ပေသည်။ ဤသည် အစ္စလာမ့် အသိုက်အမြုံကြီး အတွင်း ဒုတိယ ခွဲထွက်မှု ဖြစ်ပေသည်။ သို့သော် "ခရာဂျိုက်"များနှင့် "ရှီယာအေ အလီ" တို့ ခွဲ ထွက်ခြင်းများသည် ဘာသာရေး အယူအရ ဂိုဏ်းကွဲခြင်း မဟုတ်ချေ။ နိုင်ငံရေးအရ ခွဲထွက်ခြင်းသာ ဖြစ်ပေသည်။ ၎င်းတို့သည် ဘာသာရေး ဂိုဏ်းများ မဟုတ်သေးချေ။

## ဘာသာရေး ဂိုဏ်းကွဲအစ

### မုသာဇလိုက်၊ ကာဒရီ၊ အီသာဇဟု

အေဒီ ၇၂၈။ မုဟမ္မဒ်၏ မိသားစုအသိုင်းအဝိုင်းနှင့် နီးစပ်မှုရှိသည့် ဟာစန်ဘာဆရီသည် ယယ်စဉ်ကပင် မဒီနာတွင် နေခဲ့ပြီး၊ သူသည် ဘာဆရာသို့ ပြန်လည် ပြောင်းရွှေ့ခဲ့သည်။ သူသည် ဘာဆရာတွင် မုဟမ္မဒ်၏ စစ်မှန်သော ဘဝကို ပြန်လည် ဖော်ထုတ်ခဲ့ပေသည်။ ဟာစန်က သူ၏ တပည့်များအား ကုရ်အံပါ ဥပဒေများကို လိုက်နာကျင့်သုံးရာတွင် လွယ်ကူစေရန်အတွက် နာမ်ပိုင်းဆိုင်ရာ ကျင့်ကြံအားထုတ်မှုများကို လက်တွေ့သင်ကြားပေးခဲ့သည်။ ၎င်း၏ ကျင့်စဉ်ကို **“ကာဒရီ”** တုနိုင်းမဲ့ ကိုးကွယ်ရာအရှင်၏ ချင့်ချိန်တိုင်းတာချက် ဆိုပြီး၊ “ကာဒရ်”ဟူသော ဝေါဟာရကို သူက ဖွင့်ဆိုရာ၌ တုနိုင်းမဲ့အရှင်၏ ချင့်ချိန်တိုင်းတာချက် ဆိုသည်မှာ လူသား၏ ကံကြမ္မာကို ကြိုတင်ကန့်သတ် ဆုံးဖြတ်လိုက်ခြင်းမျိုး မဟုတ်ဘဲ၊ လူသားသည် လွတ်လပ်စွာဖြင့် မိမိ ဘဝကို မိမိ စိတ်ကြိုက် လျှောက်လှမ်းခြင်း ဖြစ်သည်ဟု ဆိုခဲ့သူ ဖြစ်သည်။

ဟာစန်ဘာဆရီ၏ တပည့် ဟာစန်အိဗနုအတား (အေဒီ ၇၄၈) သည် ၎င်း၏ ဆရာ ဟာစန်ဘာဆရီ လမ်းစဉ်မှ ပြန်လည် ဆုတ်ခွာခဲ့သူ ဖြစ်သည်။ ထိုအချိန်တွင် ယခင်ကပင် ရှိနေပြီးသား **“မုသာဇလိုက်”**ခေါ် ဝဟီဉာဏ်စဉ်တစ်ခုတည်း (ကုရ်အံတစ်ခုတည်း) ကိုသာ အခြေခံ၍ ဆုံးဖြတ်သုံးသပ်သူများနှင့် ဟာဆန်ဘာဆရီ၏ **ကာဒရီ** အဖွဲ့ဟု ဘာသာရေးဆိုင်ရာ အင်အားစု နှစ်ရပ် ပေါ်လာခဲ့သည်။

**“မုသာဇလိုက်”**က ဝဟီဉာဏ်စဉ်ဖြင့် ချမှတ်သော ကုရ်အံကျမ်းသည်သာ အဓိက ပင်မဖြစ်၍၊ ထိုကျမ်းသည်သာ အခရာဖြစ်ကာ ထိုကျမ်းတွင် ပါဝင်ခြင်း မရှိသော အရာများသည် သာမညသာ ဖြစ်သည်ဟု ခံယူသူများ ဖြစ်သည်။ ထိုသို့သော **မုသဇလိုက်** များ၏ လွယ်ကူလွန်းသော လမ်းစဉ်နှင့် **ကာဒရီ**၏ ခက်ခဲသော လမ်းစဉ်နှစ်ခုကြား၌ ဟာစန်ဘာဆရီ၏ ခွဲထွက်တပည့် အိဗနုအတားက **“အီသာဇာဟု”** အလယ်အလတ်လမ်းစဉ် တစ်ခုကို တည်ထောင်ခဲ့ပေသည်။ ၎င်းသည် ယနေ့ ဆူဖီခေါ် ဝိပဿနာကျင့် သူများ၏ လက်သုံး **“သဆဝုဖ်”** လမ်းစဉ်အဖြစ်သို့ ရောက်ရှိခဲ့ပေသည်။ “အီသာဇာဟု” သည် ကာဒရီမှ ခွဲထွက်ခြင်းဖြစ်၍၊ **“မုသာဇလိုက်”** ကုရ်အံ ဝါဒီများအတွင်းတွင် သမိုင်းတစ်လျှောက် ကွဲခဲ့ခြင်း မရှိချေ။ မည်သို့ဆိုစေ ထို အချိန်မှစ၍ ဂိုဏ်းသုံးဂိုဏ်း ကွဲရလေပြီ ဖြစ်၏။

မုဟမ္မဒ် ဆောင်ကြည်းလာသော ကုရ်အံကို အခြေခံသည့် အစ္စလာမ် သာသနာအတွင်း၌ “မုသာဇလိုက်” “ကာဒရီ” “အီသာဇာဟု” ဟူသော ဘာသာရေး အယူကွဲ ဂိုဏ်းသုံးဂိုဏ်း ပေါ်ထွန်းလာ၍၊ ၎င်းတို့၏ ခြားနားချက်မှာ– မုသာဇလိုက်များသည် ကုရ်အံပါဥပဒေကို အခြေခံ၍ ဘဝကို တည်ဆောက်ကြသည်။ “ကာဒရီ”များသည် မုဟမ္မဒ်၏ ဘဝဖြစ်စဉ်ကို အခြေခံ၍ ဘဝကို တည်ဆောက်ကြသည်။ “အီသာဇာဟု” များသည် ခေတ်ကာလနှင့် လိုက်လျှောကာ ကုရ်အံနှင့် မုဟမ္မဒ်၏ ဘဝဖြစ်စဉ် သမိုင်းများကို အခြေခံ၍ ဘဝကို တည်ဆောက်ကြပေသည်။ ထိုဂိုဏ်းကွဲသုံးခုသည် မုဟမ္မဒ် မရှိတော့သည့် နောက် နှစ်ပေါင်း (၇၀)ကြာ၌ ဖြစ်တည်လာခြင်းပင်။

ထိုအချိန်ထိ ဆရာတော်ကြီးများ ပြုစုသည့် သမိုင်းရာဇဝင်ကျမ်း ဟဒီးစ်ဟူ၍ ပေါ်ပေါက်လာခြင်း မရှိသေးချေ။ သို့ရာတွင် ထိုလူရေးကျမ်းများ ပေါ်ပေါက်လာစေရန်အတွက် မြေဆီဩဇာလောင်းလျှက် ရှိနေပေပြီ။

ပုဂ္ဂိုလ်ခင်၍ တရားမင်သည်ဟူသော စကားဆိုနှင့်အညီ၊ ထိုအချိန် ထိုအခါတွင် မိမိတို့၏ ဆရာ၊ မိမိတို့၏ အယူ၊ မိမိတို့၏ ကျောင်းတော်အစွဲများမှာ အမြစ်ခိုင်လာခဲ့လေပြီ။

## ဆရာစွဲ၊ အုပ်စုစွဲများ ဖြစ်တည်လာခြင်း

ထိုကာလသည် မုအာဝေယာ၏ သားမြေး “အိုမိုက်ယာမင်းဆက်”မှ သမ္မတ အဗ္ဗဒွလ်မာလစ်(က်)၏ အုပ်ချုပ်မှု လက်အောက်ဖြစ်ပေသည်။ ထိုမင်း မာလစ်(က်)သည် ဂျေရုဆလင်ရှိ “မစ်ဂျစ်(ဒ်)အက္ကဆာ” ဟူသော ဝတ်ကျောင်းတော်ကြီးကို တည်ဆောက်ခဲ့သူ ဖြစ်သည်။ (မစ်ဂျစ်(ဒ်)အက္ကဆာ သည် ရှေးဟောင်း ဂျေရုဆလင်ဗလီကြီးနှင့် သီးခြား ဖြစ်သည်။)

သို့နောက်တွင် အခြားသော ဂိုဏ်းကွဲများ ပေါ်ပေါက်ရန် အခြေအနေနှင့် အချိန်အခါက ဖန်တီးလာပြန်သည်။ အလီ၏ သစ္စာခံများက အလီ၏သားငယ် ဟူစိန်ကို ကူဖာမြို့၌ အုပ်ချုပ်ရန်အတွက် ဖိတ်ခေါ်ခဲ့ကြသည်။ ထိုအချိန်တွင် မုအာဝေယာ၏သား ရဇစ်က မုအာဝေယာ၏ အရိုက်အရာကို ဆက်ခံ၍ မူဆလင်ထုတစ်ရပ်လုံးကို အုပ်ချုပ်ထားသော အချိန်ဖြစ်ပေသည်။ ဟူစိန်နှင့် မိသားစုဝင် လူတစ်စုသည် အီရတ်နိုင်ငံ “ကာရ်ဘလာ”အရပ်၌ အေဒီ ၆၈၀ ၌ မုအာဝေယာစစ်တပ်၏ သတ်ဖြတ်ခြင်းကို ခံရပေသည်။ ထိုအချိန်မှ စတင်၍ ရှီယာအေအလီခေါ် အလီအဖွဲ့ဝင်များသည် အိုမိုက်ယာမင်းဆက်ကို ဆန့်ကျင်သူများ ဖြစ်လာခဲ့ယုံ သာမက ရှီယာများသည် မူဆလင် အသိုက်အမြုံကြီးမှ ဘာသာရေးဆိုင်ရာ အဓိက ဂိုဏ်းကွဲကြီး တစ်ခု ဖြစ်လာရန် အကြောင်းတစ်ရပ် ဖြစ်ခဲ့ပေသည်။

ရှီယာများသည် အိုမိုက်ယာမင်းဆက်ကို ဖြုတ်ချနိုင်ရန်အတွက် အစွမ်းကုန် ကြိုးစားခဲ့ကြသည်။ ရှီယာအများစုသည် မဒီနာမြို့ခံ အန်ဆွာရီ အာရဗ်များအနက်မှ အများစု ဖြစ်၍၊ ၎င်းတို့သည် ရှီယာအေလီ ခေါ် ရှီယာများဖြစ်လာရန်၊ အစပြုခဲ့ခြင်းမှာ အွတ်(စ်)မန်၏ အုပ်ချုပ်ချိန်မှ စတင်ခဲ့ခြင်း ဖြစ်သည်။ အွတ်(စ်)မန် အုပ်ချုပ်ချိန်တွင် ဆီးရီးယားကို အောင်နိုင်ခဲ့သောအခါ ဆီးရီးယား အုပ်ချုပ်ရေးမှူးအဖြစ် မုအာဝေယာအား ရွေးချယ်ခဲ့ခြင်းအပေါ် မကြေနပ်ကြခြင်း ဖြစ်ပေသည်။ ၎င်းတို့၏ ယူဆချက်မှာ မုဟမ္မဒ်သာ ရှိနေခဲ့လျှင်၊ မုဟမ္မဒ်၏ အတိုက်အခံဖြစ်သော မုဟမ္မဒ်နှင့် စစ်ပွဲသုံးကြိမ်တွင် ပြိုင်ဆိုင်တိုက်ခဲ့သော အဘူဆူဖီယန်၏သား မုအာဝေယာကို ထိုကဲ့သို့ ကြီးမားသည့် ရာထူး အုပ်ချုပ်ရေးမှူးတာဝန်ကို ပေးမည်မဟုတ်၊ မဒီနာမြို့ခံ အန်ဆွာများကိုသာ ပေးမည်ဟု ယုံကြည်ခဲ့ကြသည်။ ထိုသို့သော အကြောင်းများကြောင့် အွတ်(စ်)မန်အား လုပ်ကြံသူကို အရေးမယူရန် အလီအား ရှေ့ဆုံးမှ အကြံပေးခဲ့သူများ ဖြစ်ကြသည်။

အလီနှင့် မုအာဝေယာတို့အကြား အွတ်(စ်)မန်အား သတ်သူကို အရေးယူရန်နှင့် အရေးမယူရန် ပြဿနာသည် ၎င်းတို့၏ နောက်ပိုင်း ခေတ်များတွင် ဝေဘန်သူများပြားလာခဲ့သည်။ အချို့က အလီအား အပြစ်ရှိသည်ဟု ယူဆ၍၊ အချို့က အပြစ်မရှိဟု ယူဆကြပေသည်။ ထိုသို့သော အချိန်တွင် “မွရ်ဂျိုက်”ခေါ် ရွှေ့ဆိုင်းထားသူများ ဟူသော ခေါင်းစဉ်ဖြင့် ဘာသာရေးအုပ်စု တစ်ခု ပေါ်ပေါက်လာခဲ့သည်။ ထို မွရ်ဂျိုက်များအနေဖြင့် အလီ သို့မဟုတ် မုအာဝေယာ၌ အပြစ်ရှိသည်ဟူသော ဝေဘန်ပြောကြားချက်ကို ကေယာမတ်နေ့ (ကမ္ဘာ့နိဂုံး)နေ့အထိ ရွှေ့ဆိုင်းထားရန် ဖြစ်သည်။ မည်သူသည် အပြစ်ရှိသည် ဟု ဆိုခြင်းကို တုန့်ပြန်မဲ့ ကိုးကွယ်ရာ အရှင်ကသာ ဆုံးဖြတ်လိမ့်မည် ဟူ၏။ ထိုအဖွဲ့ကို ဦးဆောင်သူမှာ “အဘူဟာနီဖာ” အေဒီ (၆၉၉) ဖြစ်သည်။

ဟာနီဖာသည် ကုန်သည်တစ်ဦးဖြစ်၍၊ အစ္စလာမ်သာသနာသို့ ကူးပြောင်း သက်ဝင်လာသူ ဖြစ်ပေသည်။ ဓမ္မသတ်ဆိုင်ရာ ပညာရပ်များနှင့် စပ်လျဉ်းပြီး အလွန် ကျော်ကြားသူ တစ်ဦး ဖြစ်သည်။ ၎င်း၏ ဓမ္မသတ်များသည် ကုရ်အံကို အခြေခံ၍၊ မဟာသာဝကများ၊ အဂ္ဂမဟာသာဝကများ၏ ကေယားစ် ဝိုင်းဝန်းချင့်ချိန်ခြင်းနှင့်၊ အေ့ဂျ်မာဟ် စုံညီခုံရုံး ဆုံးဖြတ်ချက်များကို အခြေခံ ၍၊ တရားဆုံးဖြတ်သော စနစ်ကို သုံးသည်။ သူ၏ခေတ်တွင်လည်း ကုရ်အံမှအပ အခြား မည်သည့် လူရေးကျမ်းမှ ပေါ်ပေါက် လာခြင်း မရှိသေးချေ။ ဟာနီဖာသည် အဂ္ဂမဟာသာဝကများကို မှီသော ဓမ္မသတ်ပညာရှင် တစ်ဦးဖြစ်ပေသည်။

## ဟာဒီးစ် သမိုင်းများကို ပထမဦးဆုံး စုဆောင်းသူများ၏ ခေတ်

**<u>သို့မဟုတ် အစ္စလာမ်များအကြား သွေးကွဲမှု မီးစ</u>**

ထိုခေတ် ဟာဒီးစ် သမိုင်းများကို စုဆောင်းသူများ၏ ရည်ရွယ်ချက် ဦးတည်ချက်များသည် မုအာဝေယာနှင့် အလီတို့၏ ပဋိပက္ခများနှင့် စပ်လျဉ်းပြီး မည်သူမှန်သည် မည်သူမှားသည် ဟူသော အချက်များကို တိတိပပ သိရှိနိုင်ရန် ဖြစ်ပေသည်။ ကုရ်အံကျမ်းတော်ကို နားလည်မှု ပိုမိုရှိစေရန် ဖွင့်ဆိုရန်လိုသည်ဟူသော ရည်ရွယ်ချက် ခံစားချက်များ မရှိချေ။ အာဏာပြိုင်နေသော အုပ်စု နှစ်ခု၏ အကြား ပူးနွှေးနေသော လူထု၏ ခံစားချက်မှာ ထိုအုပ်စု နှစ်ခုမှ မည်သူသည် ပိုမို၍ မှန်ကန်သည် ဆိုခြင်းကို သိလိုသော လူသားတို့၏ သဘာဝအလျှောက်သာလျှင် ဖြစ်ခဲ့သည်။

ဟာဒီးစ်သမိုင်းများအား စုဆောင်းသူများတွင် **မုဟမ္မဒ် အိဗနုအစ္စဟာ့က်** အေဒီ (၇၆၇)သည် ရှေးအကျဆုံး သမိုင်းသုတေသီများ အနက်မှ ဖြစ်ခဲ့သည်။ သူ၏ ရှာဖွေစုဆောင်းခဲ့သော ဟာဒီးစ်များမှာ **ရှီယာအေအလီ**တို့၏ လက်စွဲ ဟာဒီးစ်ကျမ်း ဖြစ်လာခဲ့တော့သည်။ သူ စုဆောင်းသော ဟာဒီးစ်များအနက်မှ ဟာဒီးစ် တစ်ပိုဒ်မှာ “မုဟမ္မဒ်သည် ကုရ်အံပါ စာပိုဒ်တစ်ပိုဒ်ကို ရှင်းပြရာ၌ ထိုစာပိုဒ်ကို ပိုမိုတိကျစွာ နားလည်နိုင်ရန် တုနိုင်းမဲ့ကိုးကွယ်ရာ အရှင်က မုဟမ္မဒ်ထံသို့ အထူးဗျာဒိတ်ပို့ချ၍ အသိပေးသည်” ဟူသော ဟာဒီးစ် ဖြစ်ပေသည်။ **ထိုဟာဒီးစ်တွင် “အန်ဆွာ” မဒီနာအာရပ်များ၏ မြင့်မြတ်ပုံများ ပါရှိ၍၊ ထိုသို့ မြင့်မြတ်သော မဒီနာ အာရပ်များကို မက္ကာဟ် အာရပ်များက မတရားမင်းလုပ် အုပ်ချုပ်မည်၊ ထိုမက္ကာဟ် အာရပ်များသည် မူဆလင်များအပေါ်၌ မတရားသဖြင့် အုပ်ချုပ်မည့် အကြောင်းများကို ကြိုတင် နိမိတ်ဖတ် ပြောဆိုခဲ့သော အကြောင်းများ ပါဝင်ခဲ့သည်။** ထို့ကြောင့် သူစုဆောင်းသော ဟာဒီးစ်များသည် **ရှီယာအေအလီ**တို့၏ လက်စွဲကျမ်း ဖြစ်လာခဲ့သည်။

ရှီယာအေအလီများသည် မဒီနာမြို့ခံ အာရပ်များဖြစ်၍၊ ထိုဟာဒီးစ်အား အားတက်သရောရှိကာ စိတ်ပိုင်းဆိုင်ရာ နိုးကြလာခဲ့ပေသည်။ ၎င်း၏ အကျိုးဆက်အဖြစ်၊ အဘူဆူဖီယန်၏ သား မုအာဝေယာ၏ သားမြေးများဖြစ်သော အိုမိုက်ယာ မင်းဆက်သည် ထီးနန်း၌ (၄၅) နှစ်သာ သက်ဆိုးရှည်ခဲ့ရ၍၊ မုဟမ္မဒ်၏ မျိုးနွယ်များကသာ အုပ်ချုပ်ရမည်ဟူသော လမ်းညွှန်ချက်ဖြင့် အဘာဆီမင်းဆက်များ အာဏာရလာခဲ့ပေသည်။ အဘာဆီမင်းဆက်သည် သူတို့ကိုယ်သူတို့ လူထု၏ ကယ်တင်ရှင် “မာဟ်ဒီ” ဖြစ်သည်ဟု ကြေငြာခဲ့ပေသည်။

တပြိုင်နက်တည်းပင် **အိုမိုက်ယာမင်းဆက်များ ဖြစ်သော မက္ကာဟ် အာရပ်များကလည်း၊ မက္ကာဟ်သားများသာလျှင် တိုင်းပြည် ကို အုပ်ချုပ်နိုင်သူများ ဖြစ်ကြောင်း မက္ကာဟ်သားတို့၏ တရားမျှတသော အုပ်ချုပ်ရေးကို မဒီနာ အာရပ်တို့က အနှောင့် အယှက်ပေးမည့် အကြောင်း မုဟမ္မဒ်က ကြိုတင် ဟောကိန်းထုတ်ခဲ့သည် ဟူသည့် ဟာဒီးစ်များကိုလည်း** မူဆလင်များ ရှာဖွေ တွေ့ရှိခဲ့ကြသည်။

ထိုအကြောင်းနှစ်ရပ်စလုံးမှာ နိုင်ငံရေး ဝါဒဖြန့်ချီမှုအတွက် ထွင်လုံးများသာ ဖြစ်ခဲ့ပေသည်။ တနည်းအားဖြင် ဗိုလ်အောင်ဒင်နာမည်ဖြင့် ခေါ်းပြတိုက်ခြင်းပင် ဖြစ်၏။

ထိုမျှမက အစ္စလာမ်သာသနာအား ချစ်ခင်မြတ်နိုးလှသော မူဆလင်လူထုကြီးမှာ မုဟမ္မဒ်ကပြောခဲ့သည် ဆိုသော စကားအားဆန့်ကျင်လျှင်၊ လက်မခံလျှင် မူဆလင် အစစ် မဖြစ်နိုင်ဟူသော အုပ်စုနှစ်စု၏ အပြိုင်အဆိုင် စည်းရုံးသိမ်းသွင်းမှုအောက်၌ နီးစပ်ရာ စည်းရုံးရေးမှူးများ၏ အောက်တွင် မှိုင်းမိကာ နီးစပ်ရာ အဆိုအမိန့်ကို နှလုံးပိုက်လျှက် မူဆလင် (ထိုစဉ်က ဆွန်နီဟု အမည် မဖြစ်ပေါ်သေး)နှင့် ရှီယာဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ဗျန်းဗျန်းကွဲရလေတော့သည်။

အစပိုင်းတွင် အလီနှင့် မုအာဝေယာ မည်သူမှန်သည်ကို သိနိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဟာဒီးစ်သမိုင်းများကို စတင်စုဆောင်းကြသော်လည်း နောက်ပိုင်းတွင်– ထိုဘက်နှစ်ဘက်မှ ရပ်တည်သူများ အနေဖြင့် မိမိဘက်မှ ပို၍မှန်သည်ဟူသော

သက်သေများ ဖြစ်စေရန် မုဟမ္မဒ်နာမည်ကိုသုံး၍ အစာသွပ် ဟာဒီးစ်များ ပြုစုခဲ့ရင်း မူဆလင်လောကကြီး အဆိပ်သင့်သွား ရတော့၏။

ထိုမှအစ မိမိအုပ်စုမှ မှန်သည်ဟု ဆိုသော ဟာဒီးစ်ကျမ်းများကို လေ့လာနေရင်းဖြင့် ကုရ်အံကျမ်းသည်လည်း လူမှုဘဝ ရပ်တည်ရန် ဥပဒေများ သွန်သင်ချက်များ ပါဝင်သည့် လမ်းညွှန်ကျမ်းအဖြစ်မှ အိမ်ဦးခန်းတွင် တင်လျှင်၊ တစ်နေ့တစ်ကြိမ် နမ်းရှုံ့ပူဇော်ခြင်း အဆင့်သို့ရောက်သွား ရတော့သည်။ အိုမိုက်ယာမင်းဆက် ၄၅ နှစ်နှင့် အဘာဆီမင်းဆက် ၁၃၅ နှစ် စုစုပေါင်း နှစ် ၁၈၀ ကာလအတွင်း သူမှန်ကိုယ်မှန် ဝါဒလုံ ဝါဒပြိုင်သော ဟာဒီးစ်ကျမ်းပေါင်း ၄၁ ကျမ်းပေါ်ထွန်းလာခဲ့သည်။

ထိုနိုင်ငံရေးအားပြိုင်မှု လောင်းရိပ်အတွင်းတွင် အာရဗ်မူဆလင်၊ အာရ်ဗီစာတတ်သော လူ အများစုကြီးသည် ကုရ်အံအား နားလည်နိုင်ရန် မိမိ၏ ဂိုဏ်းအယူ၊ ဆရာအယူသို့ ဆည်းကပ်ရန်လိုသည်ဟူသော အစွဲကြီး အမြစ်တွယ် လာလေတော့သည်။ ထိုဆရာများ ဂိုဏ်းများ၊ ဟာဒီးစ်များ မပေါ်ပေါက်မီ မုဟမ္မဒ်ခေတ်၊ မဟာသာဝကကြီးများခေတ်၊ အဂ္ဂမဟာသာဝကြီးများခေတ် မှ လူများကိုပင် ကုရ်အံအား နားမလည်ခဲ့သယောင် ပြောဆိုမှုများပင် ရှိခဲ့ပေသည်။

### အဘာဆီ ခလီဖာများခေတ် (အေဒီ ၇၅၀–၉၃၅)

အဘာဆီ ဆိုသည်မှာ မုဟမ္မဒ်၏ ဦးရီးတော် အဘာ့ဆ် မှ ဆင်းသက်လာသောမျိုးနွယ်ဟု ဖြစ်သည်။ ရှီယာများ၏ ဟာဒီးစ် ပါ အဆိုအမိန့်များ၏ ပံ့ပိုးမှုဖြင့်၊ အိုမိုက်ယာများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်လျှက် ခလီဖာ အဘူအလ် အဘာ့ဆ် အလ်စဖဟ် (အေဒီ ၇၅၀–၇၅၄)ကို နန်းတင်၍၊ အဘာဆီမင်းဆက်ကို စတင်ခဲ့သည်။

သို့သော် အဘာဆီ ဒုတိယမင်းဆက် အဘူဂျာဖရ်အလ်မန်ဆူးရ် (၇၅၄–၇၇၅)သည် ၎င်း၏ အုပ်ချုပ်ရေးအာဏာကို အနှောင့် အယှက်ပေးနိုင်မည်ဟု ယူဆသော ရှီယာများကို ရက်စက်စွာ သတ်ဖြတ်ခဲ့သူ ဖြစ်သည်၊ မန်ဆူးရ်သည် မိမိအား တုနှိုင်းမဲ့ ကိုး ကွယ်ရာအရှင်က ရွေးကောက်သော ခလီဖာ ဖြစ်သည်ဟု ကြေငြာခဲ့သည်။ ၎င်း၏သားကို ရှီယာများ၏ မျှော်လင့်စောင့်စား လျှက်ရှိသော ကယ်တင်ရှင် အေမန် မဟ်ဒီအဖြစ်ဖြင့် အေဒီ ၇၇၅မှ ၇၈၅ အထိ အုပ်ချုပ်စေခဲ့သည်။ ခလီဖာ မဟ်ဒီသည် သူ့ဖ ခင်၏ လက်ထက်၌ ရှီယာများကို  အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့သည်မှ ရှီယာများ၏ ထောက်ခံချက်ကို ပြန်လည် ရရှိရန် ကြိုးစားခဲ့သူ ဖြစ်သည်။

ထိုအိုမိုက်ယာမင်းဆက်နှင့် အဘာဆီမင်းဆက်များ၏ အုပ်ချုပ်ရေး စနစ်မှာ အုပ်ချုပ်ပုံ အုပ်ချုပ်နည်း အလုံးစုံ တူညီပေသည်။ ထိုမင်းဆက် နှစ်ခုလုံးသည် အာဏာရှင် စနစ်ဖြင့် သားစဉ်မြေးဆက် အုပ်ချုပ်မှုပုံစံဖြစ်သည်။ ထိုသို့သော အုပ်ချုပ်ရေးစနစ်ကို ကုရ်အံက တားမြစ်ထားပေသည်။ ထို့ကြောင့် မူဆလင်လူထုအား ကုရ်အံကျမ်းအား နားလည်သဘောပေါက်ရန် ဖတ်ရှုလေ့ လာရန်ခြင်းနှင့် ဝေးကွာသည်ထက် ဝေးကွာစေရန် ဖန်တီးခဲ့သည်သာ ဖြစ်သည်။ ၎င်းတို့၏ အာဏာရှင်စနစ် သက်ဆိုးရှည်စေ ရန် သူတို့အလိုကျ ဟာဒီးစ်ကျမ်းများကို အတောမသတ် ရှာဖွေပေါ်ထုတ်လျှက် လူထုအား လိုက်စားခိုင်းထားရန် တစ်စိုက် မတ်မတ် ဆောင်ရွက်ခဲ့ပေသည်။

### ခလီဖာ ဟာရွှန်အလ်ရရှစ် (ဒ်) (အေဒီ ၇၈၆–၈၀၉)

သူ၏ခေတ်တွင် အဘာဆီမင်းဆက် အုပ်ချုပ်ရေးကို အထွဋ်အထိပ်ထိ ပို့နိုင်ခဲ့ပေသည်။ သိပ္ပံပညာ၊ ဆေးပညာများကို ဂရိနှင့် ဆီးရစ်ဘာသာများမှ အာရ်ဗီဘာသာသို့ ပြန်ဆိုနိုင်ခဲ့သည်။ သူ၏အုပ်ချုပ်ရေးသည် ရှေးယခင် ပါရှန်ဘုရင်များ၏ အုပ်ချုပ်ရေး ပုံစံကို နမူနာယူ၍ အုပ်ချုပ်ခဲ့သည်။ ထိုခေတ်တွင် အစ္စလာမ်သာသနာအား လေးစားသူများက မဒီနာတွင် နေထိုင်ကြ၍၊ ရှီယာများက ဟူစိန်ကျဆုံးသော ကရ်ဘလာ အရပ်တွင် နေထိုင်ကြပေသည်။

ဟာရွန်ရရှစ်(ဒ်)လက်ထက်တွင် ခေတ်သစ်ပညာရပ်များ ထွန်းကားသကဲ့သို့၊ ခလီဖာဟူသည် တုန့်နိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ အရိပ်ဖြစ်သည် ထို့ကြောင့် ၎င်းထံ ခစားဝင်ရောက်သော သူများက ဦးညွှတ်အလေးပြုရမည် ဟူသည့် စနစ်ကို စတင်ခဲ့သူလည်း ဖြစ်သည်။ ထို့အပြင် ကုရ်အာန်အား ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် တုန့်နိုင်းမဲ့ကိုးကွယ်ရာအရှင်၏ ရောင်ခြည်တော် လွှမ်းမိုး ခြင်းကို ခံရသည်၊ ထိုသို့ ရောင်ခြည်တော် လွှမ်းမိုးခံရခြင်း အားဖြင့် ပီတိသောမနသ စခန်းသို့ရောက်ရှိပြီး၊ တုန့်နိုင်းမဲ့ ကိုးကွယ်ရာ အရှင်အား မြင်တွေ့ဖူးမျှော်နိုင်သည် ဟူသည့် ဝါဒကြီး ပေါ်ပေါက်လာခဲ့သည်။

ထိုအချိန်မှစ၍ မူဆလင်များအကြား ကြီးမားသော “ကလမ်” ပြဿနာ သို့မဟုတ်၊ ကုရ်အာန်သည် ဖန်ဆင်းခံဖြစ်သည်ဟူသည့် မုသာဇလိုက်များနှင့် ကုရ်အာန်သည် ဖန်ဆင်းရှင် သို့မဟုတ် တုန့်နိုင်းမဲ့ ကိုးကွယ်ရာ အရှင်၏ အစိတ်အပိုင်း (ဝါ) စကားဖြစ်သည် ဟူသည် “အဟ်လေဟာဒီးစ်” တို့၏ ဩဝါဒများ စပ်ကြား ကြီးမားသော ပဋိပက္ခ ဖြစ်ခဲ့ရသည်။ အလားတူ ကုရ်အာန်ပါ “ကုရ်စီ” “အရ်ရှ်” ဟူသော ဝေါဟာရများကို မုသာဇလိုက်များက အရှင်၏ အချုပ်အခြာအာဏာ ဟု ပြန်ဆိုသူများနှင့်၊ အဟ်လေဟာ ဒီးစ်များ၏ အယူအဆ၌ အရှင်ထိုင်သော ပလ္လင်၊ ထိုင်ခုံ ဟု ပြန်ဆိုမှုဆိုင်ရာ စကားလုံးများအကြား ပဋိပက္ခများစွာ ဖြစ်ခဲ့ပေ သည်။ ထိုအချိန်မှ စ၍ ကုရ်အာန်ဟူသည်မှာ နားလည်ရန် ခက်ခဲသော ကျမ်း၊ ပညာရှင် အစ္စလာမ် ပုပ်ရဟန်းမင်းကြီးမှ လွဲ၍ သာမာန်လူများ နားမလည်နိုင်သော ကျမ်း ဖြစ်သည်ဟူသည့် အယူအဆကြီးပေါ်ထွန်းလာပြန်သည်။

အဘာဆီမင်းဆက်တွင် အုပ်ချုပ်သူများသည် မုသာဇလိုက် များ၏ အယူအဆကို လက်ခံနှက်သက်ခဲ့သူများ ဖြစ်သည်။ သို့သော် ဟာရွန်ရရှစ်(ဒ်)သည် မိမိ၏ အချုပ်အခြာ အာဏာမြဲရန်အတွက် အဟ်လေဟာဒီးစ် ဝါဒက အထောက်အကူ ပြုမည် ဟု ယုံကြည်ခဲ့သည်။ အကြောင်းမှာ – အဟ်လေဟာဒီးစ်တို့သည် မုဟမ္မဒ်၏ ပုဂ္ဂလ ကိုယ်ရေးကိုယ်တာ– စားပုံ၊ နေပုံ၊ ထိုင်ပုံ၊ ပြောပုံ၊ ဝတ်ပုံ စသော သမိုင်းကျမ်းပါ အဆိုများအတိုင်း ဘဝတည်ဆောက်သူများ ဖြစ်ကြသည်။ ထိုသမိုင်းကျမ်းပါ အဆိုများအရ မုဟမ္မဒ်သည် ဆင်းရဲသည်၊ ဆင်းရဲသော ဘဝကိုနှစ်သက်သည်၊ ထို့ကြောင့် အဟ်လေဟာဒီးစ်တို့က မူဆလင်ဖြစ်လျှင် ဆင်းရဲရမည် ဟူသောဝါဒလမ်းစဉ်ကို လက်တွေ့ကျင့်ကြံ ဆောင်ရွက်သူများ ဖြစ်ကြသည်။

ထိုအချက်ကို ဟာရွန်ရရှစ်(ဒ်)က လက်ကိုင်ထားရန် သဘောကျခဲ့သည်။ သို့မှသာလျှင် ဆင်းရဲသော လူထုကြီးက သူ့အား တော်လှန်ပုန်ကန်တော့မည် မဟုတ်ဟု ယုံကြည်ခဲ့သည်။ ထို့ကြောင့် သူ့ခေတ်တွင် ထိုဝါဒကြီးစိုးသော အဟ်လေဟာဒီးစ် တို့၏ စနစ်ကို အစ္စလာမ်သာသနာ၏ စစ်မှန်သော လမ်းစဉ်စနစ်ဖြစ်သည်ဟု အာဏာစက်ဖြင့် ဖြန့်ချီခဲ့ပေသည်။

<u>**အဟ်လေဟာဒီးစ် အယူဝါဒအစ**</u>

အိုမိုက်ယာမင်းဆက်များ ခေတ်တွင် ဟာဒီးစ်ခေါ် တစ်ဆင့်စကား၊ တစ်ဆင့်နားမှ စုဆောင်းသော စကားများကို အလီနှင့် မုအာဝေယာတို့ အကြား၌ ဆုံးဖြတ်ရန် ဖြစ်ခဲ့သော်လည်း၊ နောက်ပိုင်းတွင် တစစနှင့် လူ့မှုဘဝ တည်ဆောက်ရေး ဘက်သို့ ဦးတည်လာခဲ့သည်။ အလီနှင့် မုအာဝေယာတို့အကြား ဘက်လိုက်သော ဟာဒီးစ်များ နေရာယူလာမှုအပေါ်၊ စိုးရိမ်သောက ဖြစ်သော မှုမှုတတ ပြောဆိုနိုင်သော ဟာဒီးစ်များကို ရှာကြံလာသည်မှ ထိုဟာဒီးစ်များသည် လမ်းညွှန်ကျမ်းကဲ့သို့ ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ထိုဟာဒီးစ် စုဆောင်းသူများသည်၊ မုဟမ္မဒ်ခေတ်ကပင် ကုရ်အာန်မှာ ပြီးပြည့်စုံပြီးသား ဖြစ်သည်ဟု ယုံကြည်လက်ခံကြသည်၊ ထိုခေတ်ထိုအခါတွင် အဘူဟနီဖါဟ်၏ ဓမ္မသတ်အဆုံးအဖြတ်မှာ မူဆလင်လောကကြီးအတွင်း နေရာယူပြီးသားလည်း ဖြစ်သည်။ **ဟနီဖါဟ်၏ ခေတ်တွင် လူရေးကျမ်း ဟာဒီးစ် ဟူ၍ မရှိသေးချေ။**

ဟနီဖါဟ်၏ ဆုံးဖြတ်ချက်များတွင် အချို့ကိစ္စရပ်များ၌ “အက်လီးသလီလ်” ခေါ် မိမိ၏ အသိဉာဏ်ကို အခြေခံ၍ ဆုံးဖြတ်ချက်များ ပါဝင်ပေသည်။ ၎င်းကို ဘဝင်မကျသော မာလစ်(က်)အင် အနတ်စ် နှင့် သူ၏ တပည့် ရှာဖီတို့က မိမိ၏ အသိဉာဏ်

ကို အခြေခံ၍ တရား ဆုံးဖြတ်ခြင်းထက် မဟာသာဝကများခေတ်၊ အဂ္ဂမဟာသာဝကများခေတ်က မည်သို့ ဆုံးဖြတ်ကြသနည်း ဟူသော အချက်များကို သိနိုင်ရန် နောက်ကြောင်းပြန်ကောက်၍ အထောက်အထားများ ရှာဖွေ ဖေါ်ထုတ်ရာမှ "အဟ်လေ ဟဒီးစ်" ခေါ် ဟာဒီးစ်များကို အခြေခံ၍ ဘဝတည်ဆောက်သူများခေတ် ဟူ၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

မူဆလင်လောကကြီး တစ်ခုလုံးတွင် ပထမဦးဆုံး လူရေးကျမ်း ဟာဒီးစ်ကြီး အဖြစ် **"မုသဝတ္တာဟ်" အထုအထောင်းခံ လမ်းကြောင်း** ဟုခေါ်သော  သမိုင်းကျမ်းကြီးသည် မုဟမ္မဒ် မရှိတော့သည့်နောက် နှစ်ပေါင်း ၁၆၉ နှစ်အကြာ ဟစ်ဂျရီ ၁၇၉ ခုနှစ် တွင် ပေါ်ထွန်းလာခဲ့ပေသည်။ ထိုကျမ်းအား မာလစ်(က်)ဘင်အနတ်(စ်)က ပြုစုခဲ့ခြင်း ဖြစ်၍၊ ထိုခေတ်ထိုအခါက ထိုကျမ်းကြီး သည် မူဆလင်လောကကြီး၌ မိုးနှင့်မြေစပ်ကြားတွင် ကုရ်အံကျမ်းပြီးလျှင် အမှန်ဆုံး ကျမ်းဖြစ်သည်ဟု လက်ခံခဲ့ကြသည်။ သို့ သော် ဟာဒီးစ်ကျမ်းများမှာ အဆုံးမသတ်နိုင်ဘဲ ဟစ်ဂျရီ ၅၁၆ ခုနှစ် **ဟူစိန်ဘင်မတ်စအုဒ်**၏ **"ရှုရာဟ်အလ်စွန္နဟ်"** ကျမ်းအထိ (၄၁)ကျမ်း ပေါ်ထွန်းခဲ့ရာ မာလစ်(က်)၏ "မုသဝတ္တာဟ်" ကျမ်းသည် အမှန်ဆုံ ဟာဒီးစ်ကျမ်းမှ– မှန်ကန်နိုင်မှုအဆင့် ၃၈ ထိ လျှော့ကျသွားခဲ့ပေသည်။ အဆင့် (၁) အဖြစ် ဟစ်ဂျရီ ၂၅၆ (မုဟမ္မဒ်မရှိတော့သည် နောက် နှစ်ပေါင်း ၂၄၄) တွင်မှ ပေါ်လာ ခဲ့သော ဘိုခါရီကျမ်းက နေရာယူခဲ့ပေသည်။ ဘိုခါရီကျမ်းကို ပြုစုသူ မုဟမ္မဒ်ဘင်အစ်မာအီလ်သည် ရှာဖီ၏ တပည့်တစ်ဦး ဖြစ် ပေသည်။

အဟ်လေဟာဒီးစ် အယူအဆကို ထူထောင်ခဲ့သူမှာ **မာလစ်(က်)ဘင်အနတ်(စ်)** ဖြစ်သော်လည်း၊ သူ့တပည့် **ရှာဖီ**သည် မူဆလင်များ အတွင်းသို့ အဟ်လေဟာဒီးစ် အယူအဆကို ပိုမို ရိုက်သွင်းနိုင်သူ ဖြစ်ခဲ့သည်။ ၎င်းတို့ ဆရာတပည့် နှစ်ဦးလုံး သည် အဆာဆီမင်းဆက်များ လက်ထက်က "မုသာဇလိုက်"များ၏ ကာဖိရ် "အယူဝါဒမှောက်မှားသူများ" ဟူ၍ ခံမှသတ် ပေးခြင်းကို ခံရပြီး၊ ထောင်သွင်းအကျဉ်းချခြင်းကို ခံခဲ့ရပေသည်။ မာလစ်(က်)သည် ထောင်မှလွတ်သော အခါ၊ ညှင်းဆဲခံခဲ့ရ သော ဒဏ်ဖြင့် သေဆုံးခဲ့ရပြီး၊ ရှာဖီသည် မိမိနေရပ်ကို စွန့်ကာ ကိုင်ရိုသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သူနှင့် ခေတ်ပြိုင် သို့မဟုတ် နှစ်အနည်းငယ် နောက်ကျသော အဟ်လေဟာဒီးစ် တစ်ဦးမှာ **အဟ်မဒ်အိဗ်နုဟမ်ဘလ်** ဖြစ်သည်။ သူသည်လည်း မာလစ်(က်)နည်းတူ ဟာဒီးစ်များကို ကိုယ်တိုင် စုဆောင်း၍ "မွတ်စနတ်" ဟူသော တစ်ဆင့်စကား တစ်ဆင့်နား ဟာဒီးစ် ကျမ်းကြီးကို ပြုစုခဲ့သည်။ ထိုသို့ ဟာဒီးစ်ကျမ်းကြီးများ ပေါ်ထွန်းလာ၍၊ ထိုကျမ်းကြီးများနောက်သို့ လိုက်နေလျှက် ကုရ်အံ ကျမ်းကိုပင် အလေးမထားနိုင်တော့သည့် အခြေအနေသို့ ရောက်လာသည်သာမက ကုရ်အံကျမ်းကိုသာ လိုက်နာကြရန် ပြောဆိုသူများကိုပင် ပုပ်ခတ်စော်ကားမှုများ ဖြစ်လာလေတော့သည်။

**<u>အဟ်လေဟာဒီးစ် ခေါ် ဟာဒီးစ်ဝါဒီများ ဂိုဏ်းကွဲခြင်း</u>**

အယူဝါဒတစ်ခုသည် အိမ်ဖွဲ့ တည်ဆောက်လာသော အခါ၊ ငါတို့သည်သာ အမှန်ဆုံးဟူသော အစွဲများ အမြစ်တွယ် လာ စမြဲပင်၊ အလားတူပင် ဟာဒီးစ်ဝါဒီများသည်လည်း တစ်ဖြေးဖြေး အိမ်ဖွဲ့တည်ဆောက်လာသည်၊ အမြစ်တွယ်လာသည် ကြီး ထွားလာသည်၊ ထိုအခါ ဟာဒီးစ်ဝါဒီများအကြား၌ မိမိအသင်းမှ ဟာဒီးစ်သည် ပို၍မှန်ကန်သည်၊ အခြားသူများ၏ ဟာဒီးစ်မှာ မှန်ကန်ခြင်း မရှိသော ဟာဒီးစ် သို့မဟုတ် လာသည့်လမ်းကြောင့် (ဆင့်ပြန်ခဲ့သည် လမ်းကြောင်း) မခိုင်မြဲကြောင်း ပြောဆိုလာ ခဲ့သည်။ ထိုမှပင် ဟာဒီးစ်ဝါဒီများအကြား ဂိုဏ်းကွဲမှုကြီးမှာ စေ့စပ်၍ပင် မရနိုင်လောက်သည့် အဆင့်ထိ ဖြစ်ခဲ့ရပေသည်။

ထိုသို့ အချင်းချင်း အပြစ်ရှာနိုင်ရန်လည်း အကြောင်းရင်းများ ရှိပေသည်။ ဟာဒီးစ်ဝါဒီများက အမှန်ဆုံးဟု လက်ခံထားသည့် ဘိုခါရီကျမ်းသည်ပင် မုဟမ္မဒ်၏နောက် နှစ်ပေါင်း ၂၄၄ နှစ်ကျော်ကြာ– မျိုးဆက် ၇ ဆက် အဆင့်ဆင့် တစ်ဆင့်စကား တစ်ဆင့် နားဖြင့် သယ်ဆောင်လာသော ဆင့်ပြန်ခြင်းများ ဖြစ်၍၊ ဘိုခါရီကျမ်းရှင်က သူသည် ဟာဒီးစ်တော်ပေါင်း ၆ သိန်းကျော်ကို စုဆောင်းခဲ့သည့်အနက်မှ ဟာဒီးစ်ပေါင်း ၇၀၅၂ ပိုဒ်ကိုသာ ကျမ်းပြုခဲ့သည်ဟု ဆိုထားပေရာ၊ သူ့အား လက်မခံသူများက

သူချန် ထားခဲ့သည်ဟု ဆိုသော ဟာဒီးစ်ပေါင်း ၅သိန်း ၉ သောင်းကျော်တွင် မုဟမ္မဒ်ပြောသော စကား အစစ်အမှန်များ မဟုတ်လေ သလော၊ သို့မဟုတ် သူ၏ ဆုံးဖြတ်ချက်ဖြင့် လက်ရွေးစဥ်ဟု တင်ပြသော အဆိုအမိန့်ပေါင်း ၇၀၅၂ တွင် မုဟမ္မဒ်က ပြောပါ သည်ဟု ခေါင်းစဥ်သုံး၍ အခြားသူများ၏ စကားများ မပါနိုင်သလောဟူသော မည်သူမျှ သက်သေ အတိအကျ မပြနိုင်သည့် မေးခွန်းများ ရှိလာ ခဲ့ပေသည်။ ထိုမတိုင်မီက မဒီနာ အာရဗ်များနှင့် မက္ကာဟ် အာရဗ်များသည် အာဏာလုရင်း ယင်းသို့ ဖြစ်ခဲ့ သည်မှာ သမိုင်းစာ တစ်ရပ် အဖြစ် ရှိနေခဲ့ပေပြီ။

ထို့အပြင် မုဟမ္မဒ်က ပြောပါသည်ဟူ၍ ခေါင်းစဥ်တပ်ထားပြီး တစ်ခုနှင့် တစ်ခု တိုက်ရိုက်ဆန့်ကျင်သော အဆိုအမိန့်များကို လည်း ဟာဒီးစ်ကျမ်းများတွင် ဖော်ပြထားသည်ကို တွေ့ရပေသည်။ ဥပမာအားဖြင့် ဟာဒီးစ်ကျမ်း တစ်ကျမ်း၏ ခေါင်းစဥ်တစ်ခု တည်းအောက်တွင်ပင်– မုဟမ္မဒ်သည် ဆွလတ်ဝတ်ပြုရန် ရေဆေးသန့်စင်ပြီးစဥ် မီးနှင့် ချက်ပြုတ်ထားသော အစား အစာများ ကို စားပြီးနောက် ပြန်လည်၍ ရေဆေးသန့်စင်ခြင်း မရှိဟူသော ဟာဒီးစ်များ ရှိသကဲ့သို့၊ ပြန်လည်၍ ရေဆေး သန့်စင်သည် ဟူသော ဟာဒီးစ်များ ကို ယှဥ်တွဲဖော်ပြထားခြင်း။

ရေဆေးသန့်စင် (ဝိုဇူ) လုပ်ပြီးနောက် ဇနီးကြင်ယာများကို ထိမိ၊ တို့မိခြင်းဖြင့် ရေဆေးသန့်စင်ခြင်း (ဝိုဇူ) ပြန်၍ ပြုလုပ်ခြင်း မရှိဟူသော ဟာဒီးစ်များနှင့် ရေဆေးသန့်စင်ခြင်း ပြန်၍ ပြုလုပ်သည်ဟူသော ဟာဒီးစ်များ ကို ယှဥ်တွဲဖော်ပြထား ပေသည်။ သို့ဖြင့် ဟာဒီးစ်ကို အဓိကထား လိုက်စားသော အုပ်စုများအကြား– မာလီကီ၊ ရှာဖီ၊ ဟမ်ဗလီ ဟူ၍ ထပ်မံကွဲပြားပြန်တော့ သည်။

ရှေးဦးပထမ “ခရာဂျိုက်” “ရှီယာ” ဟူ၍ ကွဲခဲ့စဥ်က ဟာဒီးစ်ကျမ်းများ သို့မဟုတ် ဘာသာရေး အယူအဆများကြောင့် မဟုတ်ဘဲ– ခေါင်းဆောင်မှုပေးသော လူပုဂ္ဂိုလ်အား သဘောမကျ၍သာ ဖြစ်ခဲ့ပြီး– ဒုတိယအနေဖြင့် “မုသာဇလိုက်” “ကာဒရီ” ဟု ကွဲခဲ့စဥ်က ကုရ်အံအား နားလည်ရန် ကုရ်အံစာအုပ်နှင့်ပင် ပြီးပြည့်စုံသည်ဟူသော အယူနှင့်၊ ကုရ်အံအား နားလည်ရန် “ရှုပ်ရော နာမ်ပါ” ကျင့်ဆောင်မှုလိုသည်ဟူသည့် အယူပေါ်၌ ကွဲပြားခြင်း ဖြစ်ပေသည်။ ထိုအချိန်ထိ အစ္စလာမ်လောက၌ ကုရ်အံ အပြင် အခြားကျမ်းများ လိုအပ်သည်ဟူသော အယူအဆ မရှိခဲ့ချေ။

ယခုတဖန် ကွဲသော မုရ်ဂျိုက် (ဟန္နဖီ)၊ မာလီကီ၊ ရှာဖီ၊ ဟမ်ဗလီ ဆိုသည့် ဂိုဏ်းလေးဂိုဏ်းမှာ ကုရ်အံကို အခြေခံခြင်း ကုရ်အံ ၏ အယူအဆအား ဆွေးနွေးလျှက် ကွဲပြားခြင်းများ မဟုတ်ဘဲ သူ့ဂိုဏ်းမှ ဟာဒီးစ်က မှန်သည်၊ အခြားသူများ၏ ဟာဒီးစ်က မမှန်ဟူသော အယူပေါ်၌ ကွဲပြားခြင်း ဖြစ်ပေသည်။ ထိုအချိန်မှစ၍ မုဟမ္မဒ်ထူထောင်ခဲ့သည့် အွမ္မဟ် ဟူသည့် အသိုက် အမြုံ သည် ဟာဒီးစ်ဝါဒီများ၏ လက်ချက်ဖြင့် အစိတ်စိတ်အမွှာမွှာ ဖြစ်ရလေတော့သည်။ ထိုသို့ကွဲသွားသော ဂိုဏ်းများကို **“မဇ်ဟဗ်”** ဟု ခေါ်ပေသည်။

## **تكليد** သက်လီးဒ် ခေါ် နှဖ်းထိုးဝါဒ ပေါ်ပေါက်လာခြင်း

ထိုသို့ မဇ်ဟဗ် (ဂိုဏ်း)များ ကွဲသွားရခြင်းကို ဘဝင်မကျသော “မုသာဇလိုက်” များက ထိုဂိုဏ်းကွဲများ အကြား၌ ကုရ်အံ၏ မူကိုချကာ ပူးပေါင်းကြရန် အစဥ်တစ်စိုက် ကြိုးပမ်းလျှက် ရှိခဲ့ကြပေသည်။ သို့သော် သို့သော် ဟာဒီးစ်ကိုယ်စီအား ပြုစုသော သမိုင်းဆရာများက မိမိတို့၏ လုပ်အားခ၊ စိုက်ထုတ်ခကို အချီးနှီး မဖြစ်စေလိုတော့သည့် အပြင်၊ မိမိအား တပည့်အပေါင်းတို့၏ ပုဂ္ဂိုလ်ရေး သိဒ္ဓိသင်ပေးခြင်း၌ သာယာလာဟန် ရှိပေသည်။ သို့မဟုတ် ထိုဆရာတော်ကြီးများ၏ နောက်၌ ဆက်ခံသူများက မိမိအား ထောက်ခံသော အင်အား လျော့နည်းသွားပါက မိမိ၏ ဂုဏ်သိက္ခာ ကျဆင်းရမည်ဟု မြင်လာပေတော့သည်။ သို့ဖြင့် ထိုဂိုဏ်း အသီးသီးသည် မိမိတို့၏ နောက်လိုက် တို့အား **تكليد သက်လီးဒ် ခေါ် နှဖ်းထိုးဝါဒ** အားဖန်တီးလာတော့သည်။ ထိုဝါဒမှာ မိမိ၏ ဂိုဏ်းကို လိုက်နာသော သူသည် အခြားသော ဂိုဏ်းမှ ဘာသာရေး

အယူအဆကို နားမထောင်ရ၊ မနာခံရ၊ ကျမ်းမြတ်ကုရ်အံပါ စာပိုဒ်တော်များကိုလည်း မိမိ၏ဆရာ မိမိ၏ ဂိုဏ်းမှ ဖွင့်ဆိုသည့်အတိုင်းသာ ဝေဖန် စောကြောခွင့် မရှိ လက်ခံလိုက်နာရမည် ဟူသော အယူ ဖြစ်ပေသည်။ ထိုအယူ ထိုဝါဒအား ကျယ်ပြန့်သည်ထိထက် ကျယ်ပြန့်စေရန် ဘာသာ ရေး စာသင်ကျောင်းများကို ဖွင့်လှစ်၍ အားသွန်ခွန်စိုက် လှုပ်ရှားပေတော့သည်။ ထိုဘာသာရေး စာသင်ကျောင်း အဆက် ဆက်သည် အာဏာရှင် အုပ်ချုပ်သူများအား ဝေဖန်စောကြောခြင်း မရှိ၊ အာဏာရှင်များ၏ အလိုတော်ကျအတိုင်း လူထုကို ဟောကြားခဲ့၍၊ အာဏာရှင်များ၏ ထံမှ ထောက်ပံ့ချက် မျိုးစုံကို နည်းမျိုးစုံဖြင့် ရယူလျှက် အာဏာစက်နှင့် သူတို့၏ သီအိုရီ များကို ပေါင်းစပ်ကာ လူထုအား သွန်သင်လေတော့သည်။

## "မုသာဇလိုက်"ခေါ် ကုရ်အံဝါဒီများ မှေးမှိန်ပျောက်ကွယ်သွားခြင်း

ထိုခေတ်ကာလ တလျှောက်တွင် ကုရ်အံအတိုင်းသာ ရပ်တည်သော "မုသာဇလိုက်"များမှာ မှေးမှိန်သွားခဲ့ရပေသည်။ ရံဖန် ရံခါ လူထုကြားတွင် ကုရ်အံပါ အမှန်တရားကို ဖွင့်ဆို မိသည်နှင့် ထိုသူ့အား "ကာဖရ်" ဓမ္မသတ်ထုတ်လျှက် ကွပ်မျက် နှိပ် ကွပ်ခြင်းများ ခံခဲ့ရပေသည်။ သို့ဖြင့် "မုသာဇလိုက်" ကုရ်အံဝါဒီများသည် ခေတ်ပညာတတ် လူတန်းစားများကြား၌ အရောင်ဖျောက်၍ နေရလေတော့သည်။

## အာဏာရှင်များ နှစ်ခု ပေါ်လစီ

"မုသာဇလိုက်" ကုရ်အံ ဝါဒီများအနေဖြင့် မူလဆလင်များ လိုက်နာရန် ကုရ်အံမှ အပ အခြားကျမ်းများကို မပြုစုခြင်း၊ ဂိုဏ်း ထောင်၍ အခြားဂိုဏ်းများနှင့် ပြိုင်ဆိုင်မှု မရှိခြင်းများကြောင့် အယူဝါဒ တစ်ခုအဖြစ် ကိုယ်စားပြုသော အစွလာမ်ဂိုဏ်းဟု မရှိ ခဲ့ချေ။ သူတို့အနေဖြင့် ကုရ်အံ၌ ပြဆိုသော သီအိုရီများကို ဖေါ်ထုတ်လျှက် သိပ္ပံပညာ၊ ပထဝီပညာ၊ သင်္ချာပညာ၊ စီးပွားရေး ပညာများကိုသာ ဖေါ်ထုတ်ခွင့် ရခဲ့လျှက် မူဆလင်မင်း အဆက်ဆက်အား အကြံဉာဏ်ပေးနိုင်သော အဆင့်တွင်သာ ရှိနေခဲ့ပေ သည်။ မုသာဇလိုက်များက "အေလင်" ဆိုသည်မှာ သိပ္ပံ၊ ဝိဇ္ဇာပညာရပ်အားလုံးကို ခေါ်သည် ဟု ဖွင့်ဆို၍၊ ကုရ်အံကို ဗဟိုပြုလျှက် စူးစမ်းရှာဖွေ၊ ဆန်းစစ်သော ခေတ်ပညာကျောင်းများကို ဖွင့်ခဲ့ပေသည်။ အခြားတဘက်တွင်မူ ဟာဒီးစ် ဝါဒီများက "အေလင်" ဆိုသည်မှာ သာသနာ့ပညာကိုသာ ခေါ်သည်ဟု ဖွင့်ဆိုလျှက် သာသနာ့ပညာ ဟူသည့် ခေါင်းစဉ်အောက်၌ သူတို့ ပြုစုသော ကျမ်းများကိုသာ ဂိုဏ်းအလိုက် အားသန်ရာများကို သင်ကြားပို့ချခဲ့ပေသည်။

အာဏာရှင်မင်းများသည် မြို့ပြလူတန်းစား တစ်ရပ် အတွက် မုသာဇလိုက်များ၏ ပညာရေး အတွေးအခေါ်များကို နှစ်သက် ခဲ့ပေသည်။ သို့သော် ထိုစဉ်က မြို့ပြ ဆိုသည်မှာ ထိုအာဏာရှင် အသိုင်းအဝိုင်းများသာ ကြီးစိုးထား၍၊ သူတို့၏သားစဉ် မြေး ဆက်များကိုသာ ထိုသို့သော တိုးတက်သည့် ပညာရေး စနစ်ကို သင်ယူစေကာ ထိုလက်တစ်ဆုပ်စာ လူတန်းစားမှ အပ အခြားသော ထုနှင့် ထည်နှင့် ရှိသော တိုင်းသူပြည်သားတို့အား မျက်ကန်း ပညာရေးထဲ၌သာ ရှိနေစေလိုပေသည်။ သို့ဖြစ်၍ မုသာဇလိုက်များ၏ ပညာရေး စနစ်ကို တစ်တိုင်းပြည်လုံး အင်ပါယာ တစ်ခုလုံးအတွက် လုံးဝ အားမပေးသည့်အပြင် လူထုထံ မှ အခကြေးငွေမယူသော မုသာဇလိုက်များ၏ ပညာရေးစနစ်အား လူထုထံသို့ မရောက်နိုင်ရန် နည်းမျိုးစုံဖြင့် ဘောင်ခတ် ထားခဲ့ပေသည်။

ခေတ်စနစ်နှင့် ကမ္ဘာ့တိုးတက်ဖွံ့ဖြိုးမှု အချိန်အခါအရ ခေတ်ပညာကျောင်းများမှာ မြို့ပြအနည်းငယ်မျှ၌သာ ဖွင့်နိုင် ရပ်တည် နိုင်ပြီး ထိုခေတ်ထိုအခါက နန်းတော်နှင့်ဝေးရာ အရပ်များ၊ ကျေးလက်ဒေသများတွင် ခေတ်ပညာကျောင်းများ မပေါ်ထွန်းနိုင်ခဲ့ ချေ။ ထို့အပြင် မုသာဇလိုက်များက ကုရ်အံကို မုဟမ္မဒ် ဆောင်ကြဉ်း ဖေါ်ဆောင်စဉ်ကာလက အခကြေးငွေ၊ လစာများ ယူ၍ ဖြန့်ချိခဲ့ခြင်းမဟုတ်၊ ထို့ကြောင့် မုဟမ္မဒ်၏ ဝါဒအစစ်တွင် ဘာသာရေး လုပ်ဆောင်မှု၊ ဗလီဆရာလုပ်ဆောင်မှုအတွက် အခ

ကြေးငွေ ယူဆောင်ခြင်းကို လက်မခံခဲ့ချေ။ သို့ဖြင့် မုသာဇလိုက်များသည် မိမိတို့၏ စားဝတ်နေရေးအတွက် ဝန်ထမ်းလုပ်ခြင်း၊ ကုန်ကူးသန်းခြင်းဖြင့် ဘဝကိုရပ်တည်ကာ အစ္စလာမ်အယူဝါဒကို ဖြန့်ချီရသောကြောင့် ဝန်ထမ်းလုပ်ငန်း မရှိသည့်၊ ကုန်ကူးသန်းရောင်းဝယ်နိုင်ခြင်း မရှိသည့် အရပ်ဒေသများ၌ တွင်ကျယ်မှု အားနည်းခဲ့ပေသည်။

## ဘုန်းကြီးကျောင်း ပညာရေးစနစ် (မဒ္ဒရ်ဆာ)

မုသာဇလိုက်များအတွက် အခက်အခဲဆုံး ပြဿနာမှာ ခေတ်စနစ်ပင် ဖြစ်သည်။ အာဏာရှင် သက်ဦးဆံပိုင် ဘုရင်များ လက်အောက်၌ တိုင်းသူပြည်သား အများစု၏ ဘဝမှာ ဆင်းရဲမွဲတေ ဖွတ်ဘိုးအေ ဖြစ်နေရာကာ၊ လူထုအနေဖြင့် ခေတ်ပညာသင်ကြားခြင်းကို မတတ်နိုင်ဘဲ "ဘုန်ကြီးကျောင်း ပညာရေးစနစ်" ထွန်းကားလာခြင်းပင် ဖြစ်သည်။ ဆင်းရဲသားထု ပြည်သူတစ်ရပ်လုံး အနေဖြင့် သားသမီးများ ပညာတတ်ရန် ဘာသာ သာသနာကို သိရန် ဟူသော ခေါင်းစဉ်အောက်မှ လည်းကောင်း၊ ထိန်းမနိုင် သိမ်းမရသော သားသမီးဆိုးများကို တစ်စုံတစ်ရာ ပြုပြင်ပြောင်းလဲ စေအံ့ငှာလည်းကောင်း၊ အချို့ အလွန်ဆင်းရဲသော မိသားစုများကလည်း သားသမီးတစ်ချို့အား ကျောင်းသို့ ပို့ထားလိုက်လျှင် အိမ်၌ ကုန်ကျမှု တစ်စုံရာ သက်သာသည် ဟူ၍ လည်းကောင်း သားသမီးများကို "ဘုန်းကြီးကျောင်း ပညာရေး စနစ်" **မဒ္ဒရ်ဆာ** သို့ ပို့ကြပေသည်။

ဟဒီးစ်ဝါဒီများသည် ဘာသာတရား ဟောပြောဆောင်ရွက်ခြင်းကို အထောက်အပံ့ယူသည်ဟူသည့် ခေါင်းစဉ်အောက်မှ လူထုထံမှ သာသနာရေးဆောင်ရွက်ခကို တရားဝင်ယူခဲ့သည့်အပြင်၊ သူတို့၏ ပညာရေး စနစ်ကို ဘုန်းကြီးကျောင်းပညာရေး စနစ်အဖြစ်ထူထောင်ကာ လည်ပတ်ခဲ့ကြသည်။ ထိုကျောင်းများတွင် မုသာဇလိုက်များကို ကျောင်းဆရာ အဖြစ် ခန့်အပ်ခြင်းများ မရှိခဲ့ပေ။ ထိုသို့ မုသာဇလိုက်များ အင်အားလျော့ပါးလေလေ– **[illegible] သက်လီးဒ် ခေါ် နှဖါးထိုးဝါဒ** မှာ အခြေ ခိုင်မာလာလေလေ ဖြစ်လျှက် ထိုဟာဒီးစ်ဝါဒကြီး အောက်တွင် ကျမ်းမြတ်ကုရ်အံမှာ ခေတ်အလိုက် နားလည်ရခြင်း၊ သို့မဟုတ် အဘိဓာန်ဖြင့် နားလည်ရန် ဖတ်ရခြင်းတည်း ဟူသည့် အနှစ်သာရမှ တိမ်ကော ပျက်စီးခဲ့ရလျှက်– ဂိုဏ်းတို့၏ ဖွင့်ဆိုမှုအောက်တွင်သာ နစ်မွန်းနေရကာ လူထုကြီး တစ်ရပ်လုံးလည်း မိုးမှောင်ကျ၍ သွားရလေတော့၏။

(ယခုခေတ် အချိန်ထိ မော်လဝီကျောင်းဆင်း မှန်သမျှသည် **[illegible] သက်လီးဒ်** ကို အဓိပ္ပါယ် ရေရေရာရာ မသိဘဲလျှက် **[illegible] သက်လီးဒ်** ခံယူနေရလေသည်။ ထို **[illegible] သက်လီးဒ်** မခံယူက သူ့အတွက် မော်လဝီ ဆနဒ်ဘွဲ့ကို ပိုင်ဆိုင်ခွင့် မရရှိနိုင်ပေ။)

ထိုကျောင်းများတွင် ကျမ်းမြတ်ကုရ်အံ၏ အမည်နာမအား တွင်တွင်ကျယ်ကျယ် သုံးစွဲသော်လည်း အယောင် သက်သက်သာ သုံးခဲ့၍၊ သူတို့၏ အယူ သူတို့၏ ဝါဒကိုသာ လူထု၏ အသွေးအသားထဲသို့ စိမ့်ဝင်သွားရန် ဖန်တီးကြပေသည်။ သို့ဖြစ်ရခြင်းမှာ သူတို့ထူထောင်သော ကျောင်းများ ရေရှည် လည်ပတ်နိုင် ဖြစ်ပေသည်။

သူတို့ ထူထောင်သော ကျောင်းများမှာ လူထုထံမှ ထောက်ပံ့ငွေ၊ ဝတ္ထု၊ ပစ္စည်းများဖြင့် လည်ပတ်ရခြင်းကြောင့် သူတို့အား လူထုမှ လှူချင်၊ ဒါန်းချင်စိတ်များ ဖြစ်လာရန် ပုဂ္ဂိုလ်ရေး အရောင်တင်မှုများ၊ သူတို့အား လှူဒါန်းခြင်းသည် သာသနာအား လှူဒါန်းခြင်း ဖြစ်ကြောင်း စသည်ဖြင့် ပုဂ္ဂိုလ်ရေး ဆွဲဆောင်မှုများ လိုအပ်ပေသည်။

ထိုသို့ ဆောင်ရွက်ခြင်း၌ စေတနာဆိုး သက်သက်ကား မဟုတ်ပေ၊ သူတို့၌လည်း သာသနာရေး သောကများ ရှိနေပေသည်။ အကယ်၍ ဤကျောင်းတော်ကြီး လည်ပတ်နေပါက ဆင်းရဲသား ကလေးပေါင်း မည်၍မည်မျှကို ပညာသင်ကြားပေးနိုင်မည်၊ မိဘမဲ့ကလေးပေါင်း မည်၍မည်မျှကို ကူညီစောင်မနိုင်မည်ဟူသည့် စေတနာကောင်းများ ရှိနေပေသည်။

သို့သော် ထိုစေတနာကောင်းများ၏ နောက်ကွယ်၌ ဆိုးကျိုးတရားများ ရှိနေသည်ဟူသည့် အချက်ကို ကျောင်းတော်ဝါဒီကြီးများ သတိထားမိဟန် မရှိချေ။ ကုရ်အံကို အခြေမခံဘဲ ဂိုဏ်းဂဏတို့၏ အားသန်ရာ လက်စွဲ ဟာဒီးစ်များကိုသာ အခြေခံ၍ ကျောင်းတော်ဝါဒကို ထူထောင်မိသောကြောင့်– သူတို့အချင်းချင်းကြား၌ အယူများကွဲလာကာ၊ ကျောင်းတော်ဝါဒီ ဂိုဏ်းများ အချင်းချင်း အယူသည်းလာကြ၍– ရှာဖီဂိုဏ်းဝင်တို့သည် အခြားသော ဂိုဏ်သားများနှင့် သားချင်း သမီးချင်း ထိမ်းမြားမပေးရ ဟုလည်းကောင်း၊ အခြားဂိုဏ်းများ ဖြစ်သော ဟန္နဖီ၊ မာလီကီ၊ ဟမ်ဗလီ ဂိုဏ်းများကလည်း အလားတူ ဓမ္မသတ်များ ထုတ်၍ လည်းကောင်း အချင်းချင်း အကြီးအကျယ် ရန်သူကြီးများ ပမာ ဖြစ်လာတော့သည်။

## ဆွန္နီ ဟူသည့် ခေါင်းစဉ်ပေါ်လာခြင်း နှင့် မုသာဇလိုက်တို့၏ နိဂုံး

ထိုသို့ မူဆလင် ညီနောင်များ မြင်မကောင်း ရှုမကောင်းရန် ဂိုဏ်းများ ကွဲပြားနေသည်ကို ပြန်လည် စပ်ဟပ်ရန် ကြိုးပမ်းသူများလည်း ပေါ်ပေါက်ခဲ့ပေသည်၊ ထိုသူများအနက် အထင်ရှား ပုဂ္ဂိုလ်မှာ အေမန် **အရှ်ရီ**ဖြစ်၍ အေဒီ ၉၃၅ နှစ်တွင် “ဆန္နီ” ဟူသည့် ဝေါဟာရကို တီထွင်လျက် ဂိုဏ်အားလုံးကို ပြန်လည် ရင်ကြားစေ့နိုင်ခဲ့သည်။ အေမန် အရှ်ရီသည် “မုသာဇလိုက်” များကိုလည်း ခေါင်းစဉ်တစ်ရပ်ဖြင့် သီးခြားမနေစေဘဲ ဟာဒီးစ်များကို လက်ခံသော သူများအား ဆွန်နတ်တော်ကို လက်ခံသော သူများဟု အသိအမှတ်ပြုပေးရန် ညှိနှိုင်းဆောင်ရွက် နိုင်ခဲ့၍၊ အခြားတဘက်တွင် ကွဲနေသော ဂိုဏ်းများကိုလည်း မည်သည့် ဂိုဏ်းကို မဆို လက်ခံထားနိုင်သည်၊ ထိုဂိုဏ်းတစ်ခုခုကို လက်ခံထားသူသည် အခြား ဂိုဏ်း၏ ရန်သူမဟုတ် သူသည်လည်း ဆွန္နီပင် ဖြစ်သည်ဟု လက်ခံစေရန် စည်းရုံးနိုင်ခဲ့ပေသည်။ သို့ဖြင့် မုသာဇလိုက်များမှာ ဆွန္နီဟူသော ခေါင်းစဉ်အောက်၌ ခေါင်းစဉ်ပျောက်သွားခဲ့ပေသည်။ ထိုခေတ် ထိုအချိန်မှ စ၍ နောက်ထပ်သော ဟာဒီးစ် အယူသစ်များကို လက်ခံခြင်း၊ ကုရ်အံအား မည်မျှပင် တတ်မြောက်စေကာမူ ဂိုဏ်းတစ်ဂိုဏ်း၏ ဖွင့်ဆိုခြင်းထက် ကျော်လွန်၍ ဖွင့်ဆို ဘာသာပြန်ခြင်းများကို ပြုလုပ်ခွင့် မရှိတော့ချေ။ အလားတူပင် ဟာဒီးစ်ဝါဒီများဟူသည့် ခေါင်းစဉ်သည်လည်း ငုတ်လျှိုးသားခဲ့ရတော့သည်။

## <u>ကုရ်အံဝါဒီများ ပေါ်ပေါက်လာခြင်း</u>

### <u>ကုရ်အံ၏ ထူးခြားချက်</u>

ဆွန္နီဟူသည့် ခေါင်းစဉ်ပေါ်ပေါက် လာပြီးသည့်နောက်တွင် မုသာဇလိုက်ခေါ် ကုရ်အံဝါဒီများဟူသည့် ခေါင်းစဉ်နှင့် အဟ်လေ ဟာဒီးစ်ခေါ် ဟာဒီးစ်ဝါဒီများဆိုသည့် ခေါင်းစဉ်များ မရှိတော့ချေ။ သို့သော် ထူးခြားသည်မှာ ကုရ်အံ ဖြစ်နေပေသည်။ ဟာဒီးစ်ကို လက်မခံသူများက ဟာဒီးစ်ဆိုသည်ကို ပြတ်ပြတ်သားသား ဆန့်ကျင်ဝေဖန် ပယ်ချနိုင်သော်လည်း ဟာဒီးစ်ဝါဒီများကမူ ကုရ်အံဝါဒီများကို နည်းမျိုးစုံ ပုတ်ခတ်စွပ်စွဲသော်လည်း သူတို့၏ ဟာဒီးစ်ကျမ်းများ အသက်ဝင်နေရန်မှာ ကုရ်အံသည် မရှိမဖြစ်သော ကျမ်းဖြစ်နေပေသည်။ ကုရ်အံမရှိလျှင် သူတို့ ကျောင်းမထောင်နိုင်၊ ဂိုဏ်းတည်ဆောက်၍ မရနိုင်၊ ဟာဖဇ်သင်တန်းများ ပြုလုပ်၍ မရနိုင် ဖြစ်ရပေသည်၊ သူတို့၏ ဟာဒီးစ်ကျမ်း တစ်ခုတည်းကို အကြောင်းပြု၍ မည်သည့် ဘာသာရေးကျောင်းမှ ရှင်သန်ခွင့် မရနိုင်ပေ။ ထိုကုရ်အံအား အကြောင်းပြု၍ လူထုအား စည်းရုံးရပြီး၊ ကုရ်အံဖြင့်သာ မူဆလင်တို့၏ နှလုံး သားကို ဖမ်းစားထားနိုင်ပေသည်။

ထိုအချက်ကို သိထားသော အစ္စလာမ်ခေါင်းစဉ် အောက်မှ ဂိုဏ်းဆရာကြီးများ၊ အစ္စလာမ် မဟုတ်သော သူများမှ သာသာနာပြုများသည် ကမ္ဘာ့အရပ်ရပ်ရှိ လူမျိုး အဖုံဖုံထံသို့ နည်းမျိုးစုံဖြင့် ပြန့်နှံ့စိမ့်ဝင်လျက် ရှိသော မူဆလင်ထုကြား၌ ကုရ်အံအား အစာသွပ် ဘာသာပြန်မှုပေါင်း များစွာဖြင့် မူဆလင် လူထုကြီးကို အသုံးပြု လှုပ်ရှားခဲ့ ပေတော့သည်။

မည်သို့ဆိုစေ မူရင်း ကုရ်အံကိုကား မည်သူသည်မှ မထိမတို့ရဲ ဖြစ်ခဲ့ရသည့်အတွက် ဘာသာပြန်ဆိုရာ၌သာ အယူအဆများကို အစာသွပ်နိုင်ခဲ့ပြီး– အာရ်ဗီမူရင်း ကုရ်အံကျမ်းကိုမူ လူထုနှင့်ဝေးသည်ထက် ဝေးရန် နည်းဗျူဟာ မျိုးစုံဖြင့်စီမံကြလျက်

အသက်မဲ့နေသော ကျမ်းစာအုပ်တစ်အုပ် အဖြစ် ပုံသွင်းခဲ့ကြပေသည်။ များစွာသော အစ္စလာမ် ဆန့်ကျင်ရေး သမားများက ကုရ်အံကျမ်းကို “ကျမ်းသေ” ဟုပင် ရေးသား ပြောဆိုကြလေတော့သည်။

## ၂၀ ရာစု အလယ်မှစ၍

ကိုလိုနီလက်အောက်တွင် ပြားပြားကြီး ဝပ်နေရသော မူဆလင်များသည် ၂၀ ရာစု ဆန်းစတွင် ကိုလိုနီလက်အောက်မှ လွတ်မြောက်ရန် စာပေဗဟုသုတများကို အကြီးအကျယ် လိုက်စားလာခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံရေး သီအိုရီစာအုပ်များ၊ လက်လှမ်းမှီရာ စာပေများကို များစွာ လေ့လာခဲ့တော့သည်။ သူတို့ လေ့လာခဲ့သော စာပေများတွင် ခရစ်ယာန် သမ္မာကျမ်းစာနှင့် ကုရ်အံ စာအုပ်သည်လည်း ရှေ့ဆုံးမှ ပါဝင်ခဲ့ပေသည်။ သမ္မာကျမ်းအား ဖတ်ဖြစ်သည်မှာ သူတို့အား ကိုလိုနီပြုထားသော သူများ၏ လက်စွဲကျမ်းဖြစ်သောကြောင့် သိထားမှ ဖြစ်မည်ဟူသည့် သဘောပါဝင်ပြီး၊ ကုရ်အံကျမ်းအား မိမိတို့သာသနာ၏ ကျမ်းဖြစ်ခြင်း ထိုအချိန်တွင် ခေတ်စားနေသော နပိုလီယန်မှ အစ လီနင်၊ ကားလ်မစ်၊ မော်စီတုံးတို့ကိုယ်တိုင် ကိုးကားပြောဆိုမှုများ ရှိခြင်း၊ အချို့သော အစ္စလာမ်မဟုတ်သည့် ဒေးဗစ် (နောက်ပိုင်း ဒါဝတ် ဟု အမည်ပြောင်း)၊ ပက်သော (နောက်ပိုင်း (မာမူဒါ မုဟမ္မဒ် ပက်သော ဟု အမည်ပြောင်း) တို့ကဲ့သို့ ထင်ရှားသော ဓမ္မဆရာကြီးများက ကုရ်အံကျမ်းအား ဘာသာပြန်ပြီး သည့်နောက်တွင် အစ္စလာမ်သာသနာသို့ ကူးပြောင်းလာခြင်း စသော အကြောင်းခံများကြောင့် ဖြစ်ခဲ့ပေသည်။ ထိုသို့ စာပေ လေ့လာခဲ့သူ အများစုမှာ တော်လှန်ရေးစိတ် ရှိသူများ ဖြစ်၍ နှလုံးသားကို ဖွင့်ထားခဲ့သည်က များပေသည်။ ထိုအခါတွင် သူတို့ တွေ့လိုက်ရသော ကုရ်အံ ဘာသာပြန်များမှာ မူဆလင်များ အကြား ဂိုဏ်းကွဲစေရန် ကြားညှပ်ဖွင့်ဆိုမှုပေါင်းများစွာဖြင့် စာအုပ်များ၊ ခရစ်ယာန် ဝါဒအား ကြောထောက်နောက်ခံ ဖြစ်စေသော ဖွင့်ဆိုမှုများ များစွာကို သတိထားမိလာကာ၊ အစာသွပ်ထားသော ဆိုလိုချက်များကို ပယ်လျှက် မူရင်း အဓိပ္ပါယ် အတိုင်း လေ့လာရန် စိတ်ပိုင်းဖြတ်သော ခေတ်သို့ ဆိုက် ရောက်လာခဲ့တော့သည်။

အခြားတဘက်တွင် သိပ္ပံပညာဖွံ့ဖြိုးလာခြင်း၊ ယုတ္တိဗေဒနှင့် တိုင်းထွာသည့် အသိ အားကောင်းလာခြင်း၊ အခြားသော ဘာသာများနှင့် အတူယှဉ်တွဲနေထိုင်ကာ ဘာသာရေး အပြန်အလှန် ဆွေးနွေးမှုများ ပြုလာခြင်း များကြောင့် ယုတ္တိမတန်သော၊ ခေတ်နောက်ကျသော၊ လူ့မှုအသိုင်းအဝိုင်းအတွင်း ထင်သလောက် ကောင်းကြိုးမပေးသော ကျမ်းများကို လိုက်နာရန် စိတ်ကုန်လာသော မျိုးဆက်သစ်များ ပေါ်လာလျှက်၊ ပြင်ဆင်တည်းဖြတ်ချက်လုံးဝ မရှိသော ကျမ်းစစ် ဖြစ်သည့် ကုရ်အံကိုသာ သိလိုစိတ်၊ စူးစမ်းလိုစိတ်များ အုံကြလာကာ ဂိုဏ်းမရှိသော ကုရ်အံဝါဒီများ ပေါ်ပေါက်လာတော့သည်။

## ကုရ်အံဝါဒီများ အားကောင်းလာခြင်းနှင့် အတိုက်အခံများ

တုနိုင်းမဲ့ အရှင်တစ်ပါးတည်းကိုသာ ယုံကြည်ကိုးကွယ်ခြင်း၊ ရစူလ်တမန်တော်ဖြစ်သည့် ကိုယ်တော်မုဟမ္မဒ် တစ်ဦးတည်းကို လက်ခံခြင်း၊ ကျမ်းမြတ်ကုရ်အံ တစ်အုပ်တည်းကိုသာ အဓိကကျမ်းတော်အဖြစ်လက်ခံခြင်း၊ မျက်နှာမူဦးတည်ရာ ကအ်ဘာ တစ်ခုတည်းကိုသာ ဘုံလက်ခံထားခြင်း အခြေခံကြောရိုး ရေသောက်မြစ် တူညီနေပါလျှက် ဂိုဏ်းအသီးသီး ကွဲပြား၊ ငြင်းခုံ၊ ရန်မူ၊ အမုန်းပွား သွေးကွဲနေရသောကြောင့် မူဆလင်များ ကျေးကျွန်ဖြစ်ရသည်ဟု မူဆလင်တို့၏ ဘဝကို မဘဝင်မကျနိုင်သော မူဆလင် ပညာတတ်မျိုးချစ်များက ကုရ်အံ တစ်အုပ်တည်းကိုသာ လက်ခံလာသည့်အပြင်–

အခြားတစ်ဘက်၌ ၂၀ ရာစု အကုန်ပိုင်းနှင့် ၂၁ ရာစုဆန်းစတွင် မူဆလင် မဟုတ်ခဲ့သော ပညတ်တတ်လောကမှ သူများသည် ကုရ်အံကျမ်းတော်အား လေ့လာမိရင်း အစ္စလာမ် သာသနာအား လက်ခံ ယုံကြည်မှု များပြားလာပေသည်။ သူတို့သည် မိရိုးဖလာ မူဆလင် မဟုတ်ခဲ့သည့် အတွက် မည်သည့် ဂိုဏ်း၏ ဩဇာမှိုင်းကို မမိခဲ့ချေ။ ထိုကဲ့သို့သော သူများက ကုရ်အံကို လေ့လာသော အခါ၊ ဂိုဏ်းအယူ ဖွင့်ဆိုမှုနောက်သို့ မလိုက်ဘဲ ကိုယ်ပိုင် အသိဖြင့် ဖတ်ခဲ့ခြင်း၊ နားမလည်သည့် စာလုံးများ

အတွက် အဘိဓာန်ကိုသာ အားကိုးခဲ့ခြင်းများကြောင့် ကုရ်အာန်၏ ခေတ်မီမှု၊ လေးနက်မှု၊ ယဉ်ကျေးမှု၊ အတွေးအခေါ် ဒသန နက်နဲမှုများကို သိလာလျှက်– ကုရ်အာန်မှ အပ အခြားသော အစ္စလာမ်တို့ ထင်မြင်နေသည့် မိရိုးဖလာ ဟာဒီးစ်ကျမ်းများသည် သူတို့၏ သာသနာဟောင်းမှ ကျမ်းများကဲ့သို့ မရေရာ မသေချာကြောင်းကို သိပြီး– သူတို့နည်း သူတို့ဟန်နှင့် ကုရ်အာန်ဝါဒီများ ဖြစ်လာကြပြန်သည်။

မိရိုးဖလာ မူဆလင် လူထုထဲမှ ခေတ်ရေစီးကြောင်းအရ ပညာတတ်ဖြစ်လာသော သူများမှာလည်း နီးစပ်ရာ ကုရ်အာန် ဘာသာပြန်များကို ဖတ်လာသည်က တစ်ကြောင်း၊ မိမိတို့၏ ပတ်ဝန်းကျင်တွင် ထိတွေ့ဆက်ဆံရသော ကျောင်းတော်ဝါဒီ မော်လဝီများ၏ ခေတ်နောက်ကျသော အတွေးအခေါ်များနှင့် ကုရ်အာန်က သွန်သင်သည်မှာ မြောက်များစွာ ကွာဟနေသည့်ဟု သုံးသပ်လာမိကြကာ ကုရ်အာန်ဘက်သို့ ယိမ်းထိုးလာကြပြန်ပေသည်။ သို့ဖြင့် ခေတ်သစ် ကုရ်အာန်ဝါဒီများမှာ အုံနှင့် ကျင်းနှင့် ပြန်လည် ပေါ်ပေါက်လာတော့သည်။

ထိုအခြေအနေမျိုးစုံအောက်တွင်– ဆန္ဒီဆိုသော ဝေါဟာရအောက်၌ မုသာဇလိုက်များ ပျောက်ကွယ်ခဲ့ရ သကဲ့သို့ တိမ်ကော ပျောက်ကွယ်ခဲ့ရသော အဟ်လေဟာဒီးစ် တို့သည်လည်း သူတို့နည်း သူတို့ဟန်နှင့်အတူ ကုရ်အာန်ဝါဒီများကို အတိုက်အခံ ပြု လုပ်ရန် ပေါ်ပေါက်လာပြန်တော့သည်။

ခေတ်သစ် အဟ်လေဟာဒီးစ်ခေါ် ဟာဒီးစ် ဝါဒီများသည် မူဆလင်ဆိုသော ခေါင်းစဉ်အောက်မှ လူသားများ ဖြစ်ခြင်းကြောင့် ကုရ်အာန်အား ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ရဲခြင်း မရှိချေ။ သို့သော် သူတို့၏ ဂိုဏ်းစွဲ အယူများကို ပယ်ဖျောက်ရမည်ကိုလည်း ဧရဲကျမည်ဟု ခံစားနေရပေသည်။ ထိုအခါ သူတို့သည် ကုရ်အာန်ဝါဒီများအား အတိုက်အခံပြုရန် သူတို့၏ ရှေးဟောင်းမှုအတိုင်း ပညာအခြေခံမရှိသော သူတန်းစားထဲသို့ ထိုးဖေါက်လျှက် ဘာသာရေး အစည်းအရုံးလေးများ ဖွဲ့ခြင်း၊ ရှေးဟောင်း ယဉ်ကျေးမှု (မုတ်ဆိတ်ထားခြင်း၊ ဦးထုပ်ဆောင်းခြင်း၊ အင်္ကျီရှည်ဝတ်ခြင်း၊ အမျိုးသမီးများအား အိမ်နေကို အကြောင်းပြလျှက် တစ်ကိုယ်လုံးကို ဖုံးလွှမ်း ဝတ်ဆင်ခိုင်းခြင်း) များကို အကြောင်းပြကာ မျိုးချစ် မျက်ကန်းဝါဒကို တည်ထောင်လာကြပေတော့သည်။ ခေတ်ပညာသင်ကြားခြင်းကိုပင် အယူပျက်စေသော ပညာရေးဟု လိုက်လံ လှုံ့ဆော်မှုများ ဖြစ်လာပေတော့သည်။

သို့သော် သူတို့၏ အဓိက အားနည်းချက်မှာ ဟာဒီးစ်တော်များကို တန်ဘိုးထားပါသည်ဟု ကြေးကျော်နေသော်လည်း ဟာဒီးစ် ကျမ်းပေါင်း (၄၁) ကျမ်း အပေါင်း ဓမ္မသတ်ကျမ်းပေါင်း များစွာ အနက် မည်သည့်ကျမ်းကို အဓိကထား၍ လိုက်နာပါသည်ဟူသည့် ခံယူချက်ကို တိတိကျကျ မထားနိုင်သေးချေ။ ထို့အပြင် ခေတ်ပညာသင်ယူလိုသော သူများကိုလည်း အယူပျက်စေသော ပညာရေးဟု လှုံ့ဆော်ခြင်းမှာ အောင်မြင်မှု မရှိခဲ့ချေ။

ခေတ်စနစ်နှင့် လူ့ယဉ်ကျေးမှု၏ ဖွံ့ဖြိုးတိုးတက်မှုအောက်၌ ရှေးဟောင်း ယဉ်ကျေးမှုကို သွန်သင်ခြင်းမှာလည်း အောင်မြင်မှု မရရှိနိုင်ဖြစ်နေရပေသည်။ သို့သော် သူတို့အနေဖြင့် ထုနှင့်ထည်နှင့် နှစ်ပေါင်းများစွာ တည်ဆောက်ခဲ့သော မိရိုးဖလာ ယုံကြည်မှုအောက်၌ ပြားပြားဝပ်နေရသော လူထုကြီးအား ဆက်လက်ဆွဲကိုင်ထားနိုင်ဆဲ ဖြစ်ပေသည်။

### သုံးသပ်ချက်

မည်သို့ဆိုစေ အမှန်တရားကို ဖေါ်ထုတ်လိုသော ခေတ်ကာလ၏ စီးကြောင်း အောက်၌ ဟာဒီးစ် ဝါဒီများမှာ မလှူးသာ မလှုပ်သာ ဖြစ်လာရသည်ကား မှန်၏။ သို့သော် ကုရ်အာန် ဝါဒီများ၏ ဘက်မှလည်း စိတ်ကူးယဉ်ထား သကဲ့သို့ မူဆလင် လောကကြီး တစ်ခုလုံးသို့ ကုရ်အာန် ဝါဒလွှမ်းမိုးသွားကာ မုဟမ္မဒ်ခေတ်မှ မူဆလင် အွမ္မဟ်ကဲ့သို့ တစ်လုံးတစ်ဝတည်း ဖြစ်သွားရန်ကား လွယ်ကူလှမည် မဟုတ်ပေ။

ကုရ်အံသည် မည်မျှပင် ပြီးပြည့်စုံစေကာမူ၊ မည်မျှပင် အသေးစိတ် ရှင်းလင်းထားသည် ဖြစ်စေကာမူ၊ မည်မျှပင် တိုးတက်ကောင်းမွန် ခေတ်မှီနေစကာမူ၊ နှစ်ပေါင်း ထောင်နှင့်ချီ၍ စွဲကပ်နေသော မိရိုးဖလာ မူဆလင်ထုကြီး၏ ဦးခေါင်းထဲမှ မှိုင်းမိယုံကြည်ချက်ကြီးအား အလွယ်တကူ ဖြေဖျောက်ရန်ကား လွယ်ကူလှသည် မဟုတ်ပေ။

အခြားတစ်ဘက်တွင် ကုရ်အံအား မလေ့မိသော လူထု၊ ဟာဒီးစ်ဆိုသည်ကို ဆရာစဉ်ဆက်ကြားနာခဲ့ရသော လူထုထဲမှ ပညာတတ်မျိုးဆက်များ ပေါ်ပေါက်လာသော်လည်း ဝေခွဲဖြစ်နေသော လူတန်းစားတစ်ရပ်လည်း ရှိနေပေသည်။ နီးစပ်ရာ၌ အလိုက်သင့်နေသော လူတန်းစား တစ်ရပ်လည်း ရှိနေပေသည်။

ယနေ့ခေတ် ဤလူတန်းစားတို့၏ အဆုံးအဖြတ်သည် နောင်လာ နောက်သားများ အတွက် သမိုင်း တစ်ရပ် ဖြစ်လာမည်ပင် ဖြစ်တော့၏။

ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)